# ယူနန်မှ တံခါးဖွင့်ပုံစံအသစ်တည်ထောင်

လွန်ခဲ့သော(၅)နှစ်က ယူနန်ပြည်နယ်သည် နှစ်ဖက်အပြန်အလှန်ဘက်စုံတံခါးဖွင့်လှစ်ခြင်းကို ခိုင်မာစွာလုပ်ဆောင်ခဲ့သည်။ တောင်အာရှ အရှေ့တောင်အာရှကိုမျက်နှာပြုပြီး အကျယ်အပြန့်အကျိုးဆောင်စင်တာကို တည်ဆောက်ရန်အတွက် ခြေလှမ်းအသစ်များလျှောက်လှမ်းခဲ့သည်။ အနာဂတ်(၅)နှစ်တွင် ယူနန်တံခါးဖွင့်ပုံစံရှိစီးပွားရေးကို မည်သို့အရှိန်အဟုန်မြင့်ဖွံ့ဖြိုးတိုးတက်မည်နည်း၊ "ပြင်ပသို့တံခါးဖွင့်လှစ်သည့် ကုန်းမြင့်အသစ်ကို မည်သို့တည်ဆောက်မည်နည်း" စသည်တို့ကို ယခုရက်ပိုင်းကျင်းပခဲ့သည့် ယူနန်ပြည်နယ်(၁၃)ကြိမ်မြောက် ပြည်သူ့ကွန်ဂရက်ကိုယ်စားလှယ် အစည်းအဝေးကြီး ပထမအကြိမ် အစည်းအဝေးပေါ်တွင် ကိုယ်စားလှယ်များ၊ ပါတီကော်မတီအဖွဲ့ဝင်များက ဆွေးနွေးခဲ့သည်။

## လမ်းကြောင်းချိတ်ဆက်မှုကိုဖြစ်မြောက်ခြင်း

"တံခါးဖွင့်လှစ်မှုအရှိန်ကို မြှင့်တင်လိုပါက လမ်းပန်းသွားလာရေးအခြေခံအဆောက်အအုံဆောက်လုပ်ရေး နှေးကွေးမှုပြဿနာကို ဖြေရှင်းရမည်ဖြစ်သည်။"ဟု ပါတီကော်မတီဝင် ဟွမ်လီယူကဖော်ပြခဲ့သည်။ တယ်ဟုန်ဖြင့် သာဓကပြုသော်တယ်ဟုန်ပြည်နယ်ခွဲသည် အချင်းချင်းချိတ်ဆက်သည့် အခြေခံအဆောက်အအုံဆောက်လုပ်ရေးကို တံခါးဖွင့်လှစ်ဖွံ့ဖြိုးသည့် အလေးပါလုပ်ဆောင်ချက်အဖြစ်လုပ်ဆောင်ခဲ့ရာ ကားလမ်း၊ သံလမ်း၊ လေဆိပ်စသည့်အထွေထွေလမ်းပန်းသွားလာရေး ကွန်ယက်ဆောက်လုပ်ရေးနှင့် နယ်စပ်ဂိတ်ဖြတ် အခြေခံဆောက်လုပ်ရေးများကို ဘက်စုံတွန်းတင်ခဲ့ပြီး တံခါးဖွင့်လှစ်မှုအဆင့်ကို သိသာထင်ရှားစွာမြှင့်တင်နိုင်ခဲ့သည်။

ရွှေလီသည် ယူနန်တံခါးဖွင့်လှစ်သည့် ရှေ့တန်းဒေသအဖြစ် ဖွင့်လှစ်သည့် ကုန်းမြင့်သစ် အခွင့်အရေးကိုကိုင်သွယ်လိုက်ကာတရုတ်မြန်မာစီးပွားစင်္ကြံဆောက်လုပ်ရေးအတွင်းတွင် မြန်မာနိုင်ငံဖက်နှင့်ပူးပေါင်းဆောင်ရွက်ကာ တရုတ်ရွှေလီမှ မြန်မာမူဆယ်-မန္တလေး-ရန်ကုန်သို့ ရောက်ရှိသည့် တရုတ်မြန်မာကုန်သွယ်ရေးလမ်းကြောင်း ပထမအဆင့်ကားလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ခဲ့ရာ တရုတ်မြန်မာကုန်သွယ်သွားလာရေးကို တွန်းတင်ပေးနိုင်ခဲ့သည်ဟု ယူနန်ပြည်နယ်ပြည်သူ့ကွန်ဂရက်ကိုယ်စားလှယ်ရှဲတာဖုန်က ပြောကြားသွားသည်။

## ကုန်သွယ်ရေးအဆင်ချောမှုကိုတွန်းတင်ခြင်း

ဝိမ်ရှန်းပြည်နယ်ခွဲသည် ယခုပထဝီတည်နေရာနှင့် အရင်းအမြစ်အားသာချက်ပေါ်တွင် ရပ်တည်လျက်ရှိနေသည်။ ရှုဒိုဂျင်စင်းစက်မှုဇုန်စင်မြင့်၊ သတ္တုလျှော်စစ်လုပ်ငန်းဇုန်စင်မြင့်၊ အရှေ့ပိုင်းလုပ်ငန်းမှရွှေ့ပြောင်းသည့် လုပ်ငန်းဇုန်စင်မြင့်နှင့် ကုန်းမြင့်ထူးခြားစိုက်ပျိုးကုန်ဇုန်စင်မြင့်ကိုဆက်ခံကာ ဇီဝဆေးပညာကျန်းမာရေး၊ ခရီးသွားလုပ်ငန်း၊ ခေတ်ပေါ်ကုန်းမြင့်ထူးခြားစိုက်ပျိုးကုန်စသည်တို့ ဖွံ့ဖြိုးနေပါသည်။

"နယ်စပ်ဂိတ်သည် ပြင်ပသို့တံခါးဖွင့်လှစ်ခြင်း၏ အလေးပါသည့်ပြတင်းပေါက်ဖြစ်သည်။ နယ်စပ်ဂိတ်ဆောက်လုပ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုကို ခိုင်မာကြီးမားအောင်လုပ်ဆောင်ရမည်။"ဟု ပါတီကော်မတီဝင် ရန်စိုက်ကွမ်းက သာဓကပြုပြောဆိုခဲ့သည်။ ၂၀၁၁ ခုနှစ်မှ ထိန်ချုံး-ဟုတ်ချောင်နယ်စပ်ဂိတ်ရွှေ့ပြောင်းတည်ဆောက်သည့်လုပ်ငန်း စတင်ပြီးချိန်ကစပြီးထိန်ချုံးမြို့သည် ယွမ်ငွေစုစုပေါင်း(၁၆၀)သန်းကို အခြေခံအဆောက်အအုံမြှင့်တင်ရေး၊ နယ်စပ်ဂိတ်ဖြတ်လွယ်ကူရေးစသည်တို့အပေါ် ရင်းနှီးခဲ့သည်။ နောက်ပိုင်း အဆိုပါနယ်စပ်ဂိတ်သည် သစ်သီး၊ စားသောက်ကုန်သွင်းဂိတ်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။



## ပြည်သူ့စိတ်ချင်းနီးစပ်စေရန်တိုးမြှင့်ခြင်း

ယူနန်တွင် ခရိုင်(မြို့)(၂၅)ခုသည် လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့်ဆက်စပ်လျက်တည်ရှိသည်။ နိုင်ငံနယ်နိမိတ်မျဉ်းကြောင်းမှာ (၄၀၆၀)ကီလိုမီတာရှည်လျားပြီး တောတောင်ရေမြေ ဆက်စပ်လျက်ရှိကာ အများပြည်သူနှင့်ဆက်ဆံမှုချစ်ခင်ရင်းနှီးပါသည်။ "တယ်ဟုန်၏ပြင်ပသို့တံခါးဖွင့်လှစ်သည့်အတွေ့အကြုံကို ကြည့်ခြင်းအားဖြင့် ပတ်ဝန်းကျင်နိုင်ငံများနှင့်ပြည်သူစိတ်ချင်းနီးစပ်စေသည်မှာ အထူးတန်ဖိုးရှိသည့်အရာဖြစ်ပါသည်။"ဟု ပါတီကော်မတီဝင်ဟွမ်လီယူက ပြောကြားသည်။ တရုတ်နိုင်ငံတယ်ဟုန်ပြည်နယ်ခွဲနှင့်မြန်မာနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဌာန၊ ခရီးသွားလာရေးဌာနများနှင့်အချိန်မှန်ပူးပေါင်းဆောင်ရွက်ရေး ဖလှယ်မှုစနစ်(၁၀)ခုကျော်ကို နှစ်ပေါင်းများစွာထားရှိခဲ့သည်။ (၁၆)နှစ်ဆက်တိုက်မြန်မာနိုင်ငံနှင့်တရုတ်မြန်မာနယ်စပ်ဖလှယ်ပွဲ၊ ပေါက်ဖော်ညီလာခံပွဲများကိုလည်း အလှည့်ကျကျင်းပလျက်ရှိသည်။

# လန်ချန်း–မဲခေါင်နိုင်ငံ(၆)နိုင်ငံလူငယ်များသည် ခရီးသွားလာရေးနှင့် ဇီဝထိန်းသိမ်းကာကွယ်ရေးကို အထူးအာရုံစူးစိုက်

ဇန်နဝါရီလ(၂၇)ရက်နေ့မှ(၃၀)ရက်နေ့(၃)ကြိမ်မြောက် လန်ချန်းမြစ်-မဲခေါင်မြစ် မြစ်ဝှမ်းဒေသထိန်းသိမ်းအုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလူငယ်ဆန်းသစ်ဒီဇိုင်းပြိုင်ပွဲ (YICMG 2018)ကို လာအိုဗီယက်ကျင်းတွင်ကျင်းပခဲ့သည်။ လန်မဲမြစ်ဘေးနိုင်ငံ (၆)နိုင်ငံအထက်တန်းကျောင်းမှ လူငယ်(၆၀)ဦးသည် နောက်ဆုံးအဆင့်ပြိုင်ပွဲအတွင်းသို့ဝင်ရောက်ခဲ့ပြီး လာအိုနိုင်ငံအစိုးရတက္ကသိုလ်တွင် နောက်ဆုံးယှဉ်ပြိုင်မှုလုပ်ဆောင်ခဲ့သည်။

ယခုအကြိမ်ပြိုင်ပွဲသည် တရုတ်နိုင်ငံမဟုတ်သည့်အခြားနိုင်ငံတက္ကသိုလ်တွင် YICMG မှ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည်။ (၆)နိုင်ငံအလှည့်ကျကျင်းပသည့်စနစ်၏ ပထမခြေလှမ်းကိုလျှောက်လှမ်းခဲ့ရာ YICMG ကို အဆင့်အသစ်သို့ရောက်ရှိကာ ပူးပေါင်းဆောင်ရွက်မှုစနစ်ရင့်ကျက်လာပြီဖြစ်သည်ကို ဖော်ပြခြင်းဖြစ်သည်။

ချင်းဟိုင်ပြည်နယ်ယူစူးတွင် မြစ်ဖျားခံသည့် လန်ချန်းမြစ်-မဲခေါင်မြစ်သည် တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်(၆)နိုင်ငံကို စီးဆင်းဖြတ်သန်းသည်။ အာရှတိုက်၏ အရေးပါဆုံးသော နယ်ခြားရေလိုင်းဖြစ်သည်။ တူညီသောမြစ်ရေ၏ စီးဆင်းမှုအောက်တွင် လန်ချန်း-မဲခေါင်(၆)နိုင်ငံသည် ပထဝီတည်နေရာပေါ်တွင် နီးကပ်နေသည်သာမက စီးပွားရေးနှင့်ယဉ်ကျေးမှုပေါ်တွင်လည်းဆက်သွယ်မှုများစွာရှိနေပါသည်။ နယ်မြေဒေသထိန်းသိမ်းကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပေါ်တွင် တူညီသောအကျိုးအမြတ်နှင့် ဂရုပြုမှုကိုရရှိခဲ့ကြသည်။ လန်ချန်း-မဲခေါင်မြစ်တစ်လျှောက်နိုင်ငံ(၆)နိုင်ငံများ ပိုမိုကျယ်ပြန့်နက်ရှိုင်းသော ပူးပေါင်းဆောင်ရွက်မှုအတွင်းတွင်လည်း ဆန်းသစ်လူငယ်များကို တွေ့မြင်နေရပါသည်။

# ယူနန်တွင် GPSဝန်ဆောင်မှုစနစ်ကိုစတင်

ယခုရက်ပိုင်း ယူနန်အထွေထွေ **GPS**ဝန်ဆောင်မှုစနစ်ကို တရားဝင်စတင်အသုံးပြုခဲ့သည်။ ကျွမ်းကျင်အသုံးပြုသူနှင့် အထူးကန့်သတ်အသုံးပြုသူများသည် သက်ဆိုင်ရာ လက်ခံစက်ကိရိယာများကိုအသုံးပြုခြင်းဖြင့် စင်တီမီတာအဆင့်၊ မီလီမီတာအဆင့်**GPS**ဝန်ဆောင်မှုစနစ်ကို ခံစားနိုင်မည်ဖြစ်ပေသည်။

အဆိုပါစနစ်သည် ဂြိုဟ်တု**GPS**၊ ကွန်ပျူတာအင်တာနက်ကွန်ယက်၊ ဒစ်ဂျစ်တယ် ဆက်သွယ်ရေးနည်းပညာတို့ဖြင့်ဖွဲ့စည်းတည်ထောင်သည့် **CORS**စနစ်ဖြစ်ကြောင်း မိတ်ဆက်ထားသည်။ အဆိုပါစနစ်သည် တရုတ်နိုင်ငံ၏ပေတို(ဓူဝံကြယ်ဂြိုဟ်တု)၊ အမေရိကန်၏ **GPS**၊ ရုရှား၏လောလောနစ်စသည့် ဂြိုဟ်တု**GPS**စနစ်လိုင်းများနှင့်ကိုက်ညီပြီး အထူးအသေးစိတ်တိကျသည့် **GPS** ဝန်ဆောင်မှုဖြင့် ယူနန်နှင့်ဘေးပတ်ဝန်းကျင် နယ်မြေဒေသများကို လွှမ်းမိုးရန်ဖြစ်မြောက်စေမည်ဖြစ်သည်။

ဆင်ဟွာသတင်းဌာန

# ယူနန်မတ်လ(၁)ရက်နေ့မှစပြီး နိုင်ငံခြားထက်မြက်ထူးချွန်သူဗီဇာစနစ်ကို စတင်လုပ်ဆောင်

ယူနန်ပြည်နယ် ဖေဖော်ဝါရီလ(၆)ရက်နေ့တွင်ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲတစ်ခုမှ ရရှိသည့်သတင်းအရ ယူနန်ပြည်နယ်သည် မတ်လ(၁)ရက်နေ့မှစပြီး နိုင်ငံခြားထက်မြက်ထူးချွန်သူဗီဇာစနစ်ကို စတင်ကျင့်သုံးကြောင်း သိရပါသည်။ စတင်လုပ်ဆောင်ပြီးနောက်အချက်အလက်နှင့်ကိုက်ညီသည့် နိုင်ငံခြားသားများသည်သက်တမ်း(၅)-(၁၀)နှစ်ရှိ အကြိမ်ကန့်သတ်ချက်မရှိ ခါးတိုင်းနေထိုင်ရပ်နားရက်(၁၈၀)ရှိသော ထက်မြက်ထူးချွန်သူဗီဇာကို ရရှိနိုင်မည်ဖြစ်သည်။ ယင်း၏အိမ်ထောင်ဖက်နှင့် အသက်မပြည့်သားသမီးများလည်း သက်တမ်းတူညီသော၊ အကြိမ်ကန့်သတ်မရှိသော သက်ဆိုင်ရာဗီဇာကို ရရှိမည်ဖြစ်သည်။




ယူနန်သည် နိုင်ငံခြားထက်မြက်ထူးချွန်သူဗီဇာ(Rဗီဇာ)ဖြင့် နိုင်ငံခြား အဆင့်မြင့်ထက်မြက်ထူးချွန်သူများ လာရောက်အလုပ်လုပ်ရန်ဆွဲဆောင်နိုင်ပြီး စီးပွားရေးပုံစံပြောင်း အဆင့်မြင့်ဖွံ့ဖြိုးတိုးတက်ရန်အထောက်အကူပြုမည်ဖြစ်ကြောင်း သိရပါသည်။

သတင်းထောက် လီဟိုင်ချို